**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စက်မှုဝန်ကြီးဌာန**
**ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး**
**ဗဟိုကြီးကြပ်ရေးအဖွဲ့**

စာအမှတ်၊ ၁၅၀၁(၁)/စမရ(၄-ဠ)/၂၀၁၉(၃၂၁)
ရက်   စွဲ ၊ ၂၀၁၉ ခုနှစ် ၊ နိုဝင်ဘာလ ၁၄ ရက်

အကြောင်းအရာ။ **ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များရရှိမှသာ ထောက်ခံချက်ထုတ်ပေးမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များ သိရှိစေရန် အကြောင်းကြားခြင်းကိစ္စ**

၁။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်များကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ လုပ်ငန်းရှင်များသို့ ထုတ်ပေးနိုင်ခဲ့ပြီး ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်လက်မှတ်များကို ၂၀၁၈ ခုနှစ်၊ မတ်လမှစတင်ထုတ်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ ပုဒ်မ ၁၃ အရ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်ပြည့်စုံပါက ပုဒ်မ ၁၄ အရ ဗဟိုကြီးကြပ်ရေးအဖွဲ့မှ လုပ်ငန်းလိုင်စင်ထုတ်ပေးမည်ဖြစ်ပါသည်။ ပုဒ်မ ၂၀ အရ လုပ်ငန်းလိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်လက်မှတ်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့် ပြည့်စုံပါက ပုဒ်မ ၂၁ အရ ဗဟိုကြီးကြပ်ရေးအဖွဲ့မှ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ထို့အပြင် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများ၊ နည်းဥပဒေ ၂၀ အရ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူလုပ်ငန်းရှင်များအနေဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ထောက်ခံချက်အား ရယူနိုင်ရန်အလို့ငှာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို ဦးစွာပြုလုပ်ရမည်ဖြစ်ပါသည်။

၄။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဥပဒေပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက် များအရ

ဗဟိုဦးစီးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ၂၀၁၆ ခုနှစ် ၊ ဇွန်လ ၃၀ ရက်နေ့မှသာ ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယင်းသို့ ဖွဲ့စည်းရန် ဆောင်ရွက်နေစဉ် အချိန်ကာလအတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကိုယ်စား စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အနေဖြင့် လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းမရှိသေးသော လုပ်ငန်းရှင်များအား လုပ်ငန်းများအဆင်ပြေချောမွေ့စေရန်အတွက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ပြည်တွင်းသို့ တင် သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတို့အတွက် ထောက်ခံချက်များကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှစ၍ အခကြေးငွေကောက်ခံခြင်းမရှိဘဲ ထုတ်ပေးခဲ့ပါသည်။

၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ်(၁/၂၀၁၈)ဖြင့် "ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များလျှောက်ထားရန်" ညွှန်ကြားချက် ထုတ်ပြန်ခဲ့သော်လည်း လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များ လျှောက်ထားလာမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။ ယခုအခါ ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် တွန်းအားပေး၍ ဆောင်ရွက်လျက်ရှိပါသည်။

၆။ သို့ဖြစ်ပါ၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်မရှိသော လုပ်ငန်းရှင်များအား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ မှစ၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအားပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းဆိုင်ရာ ထောက်ခံချက်များကို ထုတ်ပေးတော့မည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

14.11.19.

ဒေါက်တာစိုးနိုင်

ဥက္ကဋ္ဌ

ဖြန့်ဝေခြင်း

---

မိတ္တူကို

စက်မှုဝန်ကြီးဌာန

သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးအဖွဲ့

ရုံးလက်ခံ/ မျှောစာတွဲ